ဖန်ဆင်းရှင်ဘုရားအားအသိမှတ်ပြုပါ

၁။ လူ့လောကအတွက်အရာရာတိုင်းသည် ပြုလုပ်သူ (ဖန်ဆင်းရှင်)ရှိမှဖြစ်ပေါ်လာနိုင်သည်၊ ဘုရားရှင်သည်အရာအားလုံးကိုဖန်ဆင်းခဲ့သည်။

(က)ပြုလုပ်သူ မရှိဘဲ နာရီ။ စက္ကူ။ ဘောပင်။ အကျီ။ကက်ဆက်။ပန်ကာစသည်တို့.မည်သို့ဖြစ်ပေါ်လာနိုင်မည်နည်း။

(ခ)ပြုလုပ်သူ(ဖန်ဆင်းရှင်ဘုရား)မရှိဘဲကမ္ဘာကြီး။ ကြယ် ။လ ။လူ။ တိရိစ္ဆာန်။ ရာသီဥတု။ သစ်ပင် စသည်တို့မည်သို့ဖြစ်ပေါ်လာနိုင်မည်နည်း။

၂။ လူသည်ဖန်ဆင်းရှင်ဘုရားအားအသိမှတ်ပြုရမည့် ဝတ္တရားရှိသည်။

(က)လူသည် မိမိမပြုလုပ်ထားသောဆွေင်အား ရှိသည့်ကမ္ဘာမြေပေါ်တွင်နေထိုင်နေရသည့်ပြင်။မိမိမပြုလုပ်ထားသော နေ.အလင်း၊ရောင်ကို အမှီ့ သဟဲ ပြုနေရခြင်း။ ရှူရှိုက်ရခြင်း။ ရာသီဥတုများကို အမှီသဟဲ ပြုနေရခြင်းစသည့်တို့.ကြောင့်ထိုအရာများကို ပြုလုပ် ဖန်ဆင်းပေးထားသူ ဘုရားအားအသိမှတ်ပြုကိုးကွယ်ရမည့်မွေးရာပါဝတ္တရားရှိနေသည်။

(ခ)သင်သည်ထိုဝတ္တရားကိုပျက်ကွက်နေသူဖြစ်ပါကယခုချက်ခြင်းပင် ထိုဖန်ဆင်းရှင် ဘုရားကိုအသိမှတ် ပြုပါ။

ဖန်ဆင်းရှင်ဘုရား.ချစ်ခြင်းမေတ္တာ

၃။ ဖန်ဆင်းရှင်ဘုရားသခင်သည်လူသားတို့ကိုအလွန်ချစ်မြတ်နိုးတော်မူသည်။

(က)သင်မွေးမြူထားသော တိရိစ္ဆာန်။ သင်စိုက်ပျိုးထားသော သစ်ပင်။ ပန်းပင်များကို သင်သံယောဇဉ်ရှိသည်ကိုအမှတ်ရပါ။

(ခ)ဘုရားရှင်သည်သူဖန်ဆင်းထားခဲ့သောသင်နှင့် ကျနေပ်တို့.လူသားအားလုံးကိုနောင့်ဘဝ သူ.ထာဝရ နိုင်ငံတော်တွင် ပျော်ရွှင်စွာအသက်ရှင်စေလိုသည်။

လူသားတို့.အပြစ်များ

၄။ လူသားတိုင်း အပြစ်ရှိကြ၍ တမလွန်.အပြစ်ဒါဏ်စီရင်ခံရမည့်အပြင် နောင့်ဘဝဘုရားရှင်နိုင်ငံပျော်ရွှင်စွာ အသက်ရှင်ရမည့်အခွင့်ကိုပါလက်လွတ်ဆုံးရှုံးကြရသည်။

(က)ဖန်ဆင်းရှင်ဘုရားကိုလက်မခံ။ အသိမှတ်မပြုခြင်းသည် လူသားတို့ ပထမအပြစ်ဖြစ်သည်။

(ခ)လူ လူခြင်း စိတ်။ နှုတ်။ အကျင့်တို့ဖြင့် မှားယွင်းခြင်းသည် ဒုတိယအပြစ်ဖြစ်သည်။

(ဂ)အထက်ပါအချက် ၂ချက်ဖြင့် မိမိကိုယ်ကို ပြန်လည်ဆန်းစစ်ပါကသင်သည်အပြစ်သားဖြစ်ကြောင်း ထင်ရှားစွာတွေ့ရပေလိမ့်မည်။

အပြစ်မှလွတ်ငြိမ်းချမ်းသာခွင့်(ကယ်တင်ခြင်း)

၅။ ဖန်ဆင်းရှင်ဘုရားသခင်သည်လူသားတို့.အပြစ်များကိုလွတ်စေရန် သူ.သားတော် ယေရှုခရစ်ကို လူ့.လောကသို့ စေလွှတ်ကယ်တင်စေခဲ့သည်၊ (ပြစ်မှုကျူးလွန်သူများကို အာဏာပိုင်များဂရုဏာသက်သည့် အခါအပြစ်ဒဏ်မှလွတ်ငြိမ်းချမ်းသာခွင့်ပေးတတ်သည်ကိုသတိမူပါ)

(က)ယေရှုခရစ်သည် လူသားအဖြစ် ခံယူတော်မူ လက်ဝါးကားတိုင် အသေခံပေးခြင်းဖြင့်လူသားတို့.အပြစ်များကိုဆပ်ဖြေပေးခဲ့သည်။

(ခ)ယေရှုခရစ်သည် သေလွန် ၃ရက်အကြာတွင် ရှင်ပြန်ထမြောက်ခြင်းအားဖြင့်သူကယ်တင်ခြင်းကိုလက်ခံသူများ သေလွန်ပြီး တနေတွင် ရှင်ပြန် ထမြောက်၍ ထာဝရအသက်ကို ဝင်စားနိုင်ကြောင်း ကိုယ်တိုင်ပြသ သက်သေထူသွားခဲ့သည်။

သင်ရယူခံစားနိုင်ခွင့်ရှိသော ဘုရားရှင်ကယ်တင်ခြင်း

၆။ သင်သည်ဖန်ဆင်းရှင်ဘုရား.ကယ်တင်ခြင်းကိုအောက်ပါနည်းလမ်းအတိုင်းရယူခံစားနိုင်သည်။

(က)ကမ္ဘာ မိုးမြေ စကြဝဠာမှအစ အရာအားလုံးကို ဖန်ဆင်းသော ဖန်ဆင်းရှင်ဘုရားကိုအသိမှတ်ပြုပါ။

(ခ)သင်အပါဝင် ကမ္ဘာပေါ်ရှိ လူသားအားလုံး

။ဂုဏ်ယူထိုက်သောဘုရားသခင်ယြေဟောဝါ ခမည်းတော်မှ ခွင့်လွှတ်ခြင်းနှင့် ကယ်တင်ခြင်းကို ကျွန်တော်တို့ ရရှိကြပါ၏။ ဤကဲ့သို့